စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြုစုသည်

myantrade

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၇/၂၀၁၉**

**၂၀၁၉ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- နိုင်ငံခြားကုမ္ပဏီများဆန်နှင့်ဆန်ကွဲတစ်ဆင့်ခံဝယ်ယူကာ ကန်ဒေါ်လာ သုံးသန်းခန့် အာမခံထည့်ဝင်ရမည်
- အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းခွင့်တန်ချိန် လေးသိန်းသို့ တိုးမြင့်လာချိန်တွင် ပြည်တွင်းပဲစင်းငုံဈေးမှာ မတ်ပဲထက် တစ်တန်လျှင် ကျပ်တစ်သိန်းခန့်ဈေးမြင့်နေ
- အိန္ဒိယအစိုးရမှ ပဲစင်းငုံဝယ်ယူမည့်ပမာဏနှစ်ဆတိုးမြင့်လိုက်သော်လည်း ပြည်တွင်း၌ပဲစင်းငုံလက်ကျန်တန်ချိန် ငါးသောင်းဝန်းကျင်သာရှိ
- မန္တလေးဈေးကွက်အတွင်း ပြောင်းဈေးနှုန်းဆက်တိုက်မြင့်တက်နေ
- တရုတ်နယ်စပ် မူဆယ်ဈေးကွက်တွင် နာနတ်သီးဝယ်ယူမှုရပ်ဆိုင်း
- တရုတ်ယွမ်ငွေလဲနှုန်းကြောင့် နှမ်းဈေးနှုန်းများကျဆင်းနေ နှမ်းသစ်ပေါ်ချိန်ဖြစ်၍ထပ်မံကျဆင်းနိုင်

**နိုင်ငံတကာဈေးကွက်**

- ဆန်တင်ပို့သည့်အာရှနိုင်ငံကြီးများ ပို့ကုန်ဝယ်လိုအား နေးကွေးလျက်ရှိ
- တောင်ကိုရီးယားက ပြောင်းတန်ချိန် ၆၅၀၀၀ ကို တောင်အမေရိကတိုက်မှဝယ်ယူ
- အမေရိကန်ဖက်ဟိုဘက်အစည်းအဝေးဝယက်ကြောင့် ကမ္ဘာ့ရွှေဈေးမှာ (၅)နှစ်တာ ကာလအတွင်းအမြင့်ဆုံးသို့ ရောက်ရှိလာခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မိုးခေါင်ခဲ့မှုကြောင့် ငရုတ်စိုက်ပျိုးမှု တစ်လခန့် နောက်ကျနေ
- မြန်မာ့စိန်တလုံးသရက်သီးများ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန် အရည်အသွေးစစ်ဆေးထုပ်ပိုး
- ဗီယက်နမ်လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ငါးတန် မွေးမြူရေးစီမံကိန်းလုပ်ဆောင်မည်
- ပြည်တွင်းထုတ်သကြားတန်ချိန် ၁၂၀၀၀၀ ကို တရုတ်သို့တင်ပို့ရန် နားလည်မှုစာချွန်လွှာရေးထိုး
- လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးဖို့ မြန်မာကို ကမ္ဘာ့ဘဏ် သတိပေး

**ပြည်ပကုန်သွယ်မှုသတင်း**

- တစ်နှစ်အတွင်း ပြင်သစ်စိုက်ပျိုးရေးခြံ ၅၀၀၀ အထိ အော်ဂဲနစ်စနစ်သို့ စံချိန်တင်ကူးပြောင်း
- မြန်မာ့သီးနှံများကို တရုတ်နိုင်ငံတောင်ပိုင်းက ဝယ်ယူဖို့ကမ်းလှမ်းထား

**အထူးဆောင်းပါးများ**

- မြန်မာ့ရော်ဘာအရည်အသွေးအဆင့်အတန်းမီစေဖို့

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆
http://www.myantrade.org
myantradetir2016@gmail.com

# ပြည်တွင်းဈေးကွက်

## နိုင်ငံခြား ကုမ္ပဏီများ ဆန်နှင့် ဆန်ကွဲ တစ်ဆင့်ခံ ဝယ်ယူကာ ကန်ဒေါ်လာ သုံးသန်းခန့် အာမခံထည့် ဝင်ရမည်

နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများအနေဖြင့် ဆန်နှင့် ဆန်ကွဲကို တစ်ဆင့်ခံဝယ်ယူကာ ပြည်ပသို့တင်ပို့မည်ဆိုပါက ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုံးသန်းခန့်အား ပြည်တွင်းရှိဘဏ်၌ ထည့်ဝင်ပေးရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဌ ဦးသောင်းဝင်းက " ပြည်ပပို့တဲ့သူတွေအတွက်တော့ နည်းနည်းတော့ ထိခိုက်လာနိုင်တာပေါ့။ နိုင်ငံတကာကလာမယ်ဆိုရင် ငွေကြေးကသူတို့ဘဏ်တွေက အတိုးနှုန်းသက်သာတယ်။ အရင်းအနှီးလည်းပတ်ငွေ ပြည့်စုံတယ်။ ဒီမှာက ငွေကြေး မလုံလောက်တော့ မပြည့်စုံလို့ ယှဉ်ပြိုင်တာ ခက်ခဲနိုင်တယ်ပေါ့။ အဓိကတော့ ကုန်သွယ်မှုပဲမဟုတ်ပဲ ရင်းနှီးမြှုပ်နှံမှုနဲ့တွဲသင့်တာပေါ့။ ပြည်တွင်းက လုပ်ငန်းရှင်တွေကတော့ ဆန်စက် ဆောက်လုပ်ထားတာ၊ သိုလှောင်ရုံတွေ ဆောက်တာနဲ့ ရင်းနှီးထားကြရတာ။ သူတို့ကိုလည်း လိုအပ်တဲ့တည်ဆောက်မှုတွေ လုပ်ရမှာပေါ့။ တစ်ဖက်မှာလည်း ကန်ဒေါ်လာ သုံးသန်း ထည့်ဝင်လာတော့ ရင်းနှီးမြှုပ်နှံမှုငွေ တိုးပွားလာတာပေါ့။ နောက်လယ်သမားတွေအတွက်လည်း ဈေးကောင်းရောင်းရတာပေါ့"ဟု ပြောသည်။ ထိုသို့ထည့်ဝင်ထား မည်ဆိုပါက ငွေကြေးထည့်သွင်းထားကြောင်း အထောက်အထား၊ လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထားများကိုလည်း တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

" ယှဉ်ပြိုင်မှု ဥပဒေကိုလည်း ပြဋ္ဌာန်းပြီးတာကြာပါပြီ။ အငြင်းပွားစရာတွေ အများကြီးတော့ရှိနိုင်တယ်။ တစ်ချက်ကတော့လေ ကုန်သွယ်မှုဟာ free trade လိုမျိုးလုပ်ရင်း တဖြည်းဖြည်းနဲ့ နိုင်ငံတကာလိုင်းထဲကို ဝင်ရောက်လာဖို့ပါ။ ဒီလိုရောက်လာရင် ပို့ကုန်ရော၊ သွင်းကုန်ရော ယှဉ်ပြိုင်မှု တက်လာမှာပါ။ ကိုယ့်နိုင်ငံက လုပ်ငန်းရှင်တွေဟာ အတွေ့အကြုံအများကြီး အားနည်းနေသေးတယ်။ ဒီမှာအစိုးရက နောက်ကနေ ရပ်တည် ပေး မှ လုပ်နိုင်မယ့် အနေအထားတွေ ရှိတာပေါ့။ ဒီပြိုင်မှုမရှိရင်လည်း တိုးတက်မှုမှာ နှေးကွေးနိုင်တယ်။ နိုင်ငံခြားကုမ္ပဏီတွေ ဝင်လာရင်ပေါင်းမလား၊ ပြောင်းမလား ဆိုတာတော့ လုပ်ငန်းရှင်တွေ စဉ်းစားရမှာပေါ့ " ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီများကို ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ထုတ်လုပ်သူထံမှ တစ်ဆင့်ဝယ်ယူကာ ပြည်ပတင်ပို့ခွင့်ကို ဇွန် ၆ ရက်နေ့က ထုတ်ပြန်ခွင့်ပြုလိုက်ပြီး ဖြစ်သလို ဆန်စပါး၊ အသား၊ ငါး၊ အဆင့်မြှင့်တင် ပြုပြင်ထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံများ၊ ပျော့ဖတ်၊ စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသည့် သတ္တုရိုင်းများ၊ သစ်သီးဝလံ ကုန်ကြမ်းမှ အဆင့်မြှင့်ထုတ်လုပ်ထားသည့် တစ်ဝက်ပျက် ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ၊ သစ်အခြေခံပရိဘောဂပစ္စည်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။ Source: https://www.facebook.com/amiamyanmar/posts/2279621915456625?__tn__=K-R

## အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းခွင့် တန်ချိန် လေးသိန်းသို့ တိုးမြှင့်လာချိန်တွင် ပြည်တွင်းပဲစင်းငုံဈေးမှာ မတ်ပဲထက် တစ်တန်လျှင် ကျပ်တစ်သိန်းခန့် ဈေးမြင့်နေ

၂၀၁၇ ဩဂုတ်လလယ်နောက်ပိုင်းက အိန္ဒိယနိုင်ငံသို့ ပြည်ပမှ ပဲတင်သွင်းမှုကို အိန္ဒိယအစိုးရက ကန့်သတ်လိုက်ပြီးနောက် ၂၀၁၈ ခုနှစ် မေလလယ်နှင့် ၂၀၁၉ မတ်လကုန်ပိုင်းတို့တွင် ပဲတင်သွင်းခွင့်ကို ပဲအမျိုးအစားအလိုက် ပမာဏအသီးသီး ပြန်လည်ခွင့်ပြုခြင်းများ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်က ဇွန်လမှ ဩဂုတ်လ အတွင်း ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန် တစ်သိန်းငါးသောင်းစီကို အိန္ဒိယပြည်တွင်းသို့ တင်သွင်းခွင့်ပြုခဲ့သည်။ ယခု၂၀၁၉ မတ်လကုန်ပိုင်းကလည်း အလားတူတင်သွင်းခွင့်ထုတ်ပြန်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ယင်းပမာဏအတိုင်း တင်သွင်းခွင့်ပြုမည်ဟု ထုတ်ပြန်အသိပေးထားသည်။

သို့သော် ၂၀၁၉ အောက်တိုဘာမတိုင်မီအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပဲစင်းငုံ တင်သွင်းခွင့်ပမာဏကို တန်ချိန်လေးသိန်းသို့ တိုးမြှင့်ခွင့်ပြုပေးရန်၊ အိန္ဒိယအစိုးရက ဇွန် ၁၁ ရက်ကထုတ်ပြန်အသိပေးခဲ့သည်ဟု အိန္ဒိယပဲဈေးကွက်သတင်းများတွင် ဖော်ပြထားသည်။ အိန္ဒိယ၌ ယခုနှစ် ပဲစင်းငုံအထွက်လျော့ကျ၍ အိန္ဒိယအစိုးရထံတွင် ပဲစင်းငုံတန်ချိန်

ခုနှစ်သိန်းခွဲခန့် အရန်ပဲအဖြစ်ရှိနေသော်လည်း ပြည်ပမှပဲစင်းငုံတင်သွင်းခွင့်ကို တန်ချိန် နှစ်သိန်းတိုးမြှင့်၍ ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းခွင့်သည် တန်ချိန် နှစ်သိန်းမှ လေးသိန်းသို့ တိုးမြှင့်လာသော်လည်း မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း ပဲစင်းငုံစိုက်ပျိုးမှု သိသာစွာကျဆင်းခဲ့၍ အထွက်နှုန်းမှာ တန်ချိန် ငါးသောင်းဝန်းကျင်သာရှိနေသည်။ သို့ဖြစ်၍ အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းခွင့် တန်ချိန် ပမာဏ တစ်ဆတိုးလာသည့် အခွင့်အလမ်းကို မြန်မာ့ပဲစင်းငုံဈေးကွက်အနေဖြင့် အသုံးချလုပ်ဆောင်နိုင်ခြင်းမရှိကြောင်း ပဲလုပ်ငန်း လုပ်ကိုင်သူ ကိုသက်ခိုင်က ပြောသည်။

မတ်ပဲမှာမူ မြန်မာနိုင်ငံတွင်သာ အဓိကစိုက်ပျိုးလျက်ရှိရာ အိန္ဒိယပဲဈေးကွက်သို့ မတ်ပဲတင်သွင်းမှုတွင် မြန်မာ့မတ်ပဲသည် အဓိကကျနေသည်။ ၂၀၁၈ မတ်ပဲစိုက်သည့်နှစ်ကုန်ပိုင်းတွင် ပြည်တွင်းဈေးကွက်၌ မတ်ပဲဈေးနှုန်းမြင့်နေခဲ့သဖြင့် စိုက်ပျိုးမှုလျော့ကျခြင်းမရှိခဲ့သလို အထွက်နှုန်းလည်း သိသာစွာလျော့နည်းခြင်း မရှိကြောင်း ပဲဈေးကွက်မှ သိရသည်။

အိန္ဒိယမှ ပဲစင်းငုံ တန်ချိန် လေးသိန်းအထိ တင်သွင်းခွင့်ပြုသည့် သတင်းကြောင့် လက်ရှိပြည်တွင်း ဈေးကွက်တွင် ပဲစင်းငုံဈေး မြင့်တက်လာသလို မတ်ပဲဈေးနှုန်းများမှာလည်း မြင့်တက်လာလျက်ရှိသည် ဇွန် ၁၃ ရက်က ၂၀၁၉ ခုနှစ်ထွက် မတ်ပဲ RC တစ်တန်လျှင် ကျပ် ၈၅၀၀၀၀ ကျော်ရှိခဲ့ရာမှ ဇွန် ၁၇ ရက်တွင် ၈၈၀၀၀၀ နီးပါးရှိလာကာ တစ်တန်လျှင် ကျပ် ၂၂၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

ပဲစင်းငုံနီ RC မှာ ဇွန် ၁၃ ရက်က တစ်တန်လျှင် ကျပ် ၉၃၉၀၀၀ နှုန်းရှိခဲ့ပြီး ဇွန် ၁၇ ရက်တွင် ဈေးနှုန်း မဖော်ပြသော်လည်း ဈေးကွက်တွင် ပဲစင်းငုံ RC တစ်တန်လျှင် ကျပ် ၉၇၅၀၀၀ အထိ ဈေးခေါ်မှုများရှိနေ ကြောင်း သိရသည်။ ထို့ကြောင့် လေးရက်အတွင်း တစ်တန်လျှင် ကျပ် ၃၆၀၀၀ ခန့်ထိ ဈေးမြင့်လာခြင်းဖြစ် သည်။ ယင်းလေးရက်အတွင်း ပြည်ပသို့ FOB ပဲတစ်တန်ဈေးနှုန်းများမှာလည်း မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၂၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၃၀ နှုန်းအသီးသီး ဈေးမြင့်တက်လာသည်ဟု သိရသည်။

မြန်မာနိုင်ငံမှ ပဲစင်းငုံကို ပြည်ပသို့တင်ပို့မှုတွင် အိန္ဒိယဈေးကွက်သည် အဓိကကျနေရာ ၂၀၁၇ နှစ်လယ်နောက်ပိုင်းက အိန္ဒိယ၏ ပဲတင်သွင်းမှုကန့်သတ်ချက်ကြောင့် မြန်မာ့ပဲဈေးကွက်တည်ငြိမ်မှု ပျက်ပြားခဲ့ပြီး ထိုနှစ်က ပဲစင်းငုံဈေးမှာ မတ်ပဲထက်များစွာကျဆင်းခဲ့သည်။ ထို့ကြောင့် ပြည်တွင်းပဲ NGO အဖွဲ့က ၂၀၁၇ စက်တင်ဘာလတွင် အခြေခံပဲဈေးနှုန်း သတ်မှတ်၍ ပြည်တွင်းပဲဈေးကွက်၌ ဝယ်ယူပေးခဲ့ရပြီး တောင်သူများမှာ အရှုံးပေါ်ခဲ့ခြင်းကြောင့် ထိုအချိန်မှစ၍ ပဲစင်းငုံကို စိုက်ပျိုးမှုနည်းခဲ့သည်။

ယခု ၂၀၁၉ ခုနှစ် ပဲစင်းငုံစိုက်ပျိုးသည့်ကာလ လက်ရှိအချိန်တွင်မူ ပြည်တွင်းပဲဈေးကွက်၌ ပဲစင်းငုံဈေးများမှာ မတ်ပဲထက် တစ်တန်လျှင် ကျပ်တစ်သိန်းဝန်းကျင်ခန့်အထိ ဈေးနှုန်းမြင့်တက်နေခြင်းနှင့် အိန္ဒိယမှ ဝယ်လိုအားပြန်ရှိလာခြင်းအပြင် စိုက်ပျိုးရာတွင် ရာသီဥတုဒဏ်ခံနိုင်ခြင်းကြောင့် ပဲစင်းငုံများကို စီးပွားဖြစ် ပြန်လည်စိုက်ပျိုးလာကြမည်ဟု ပဲလုပ်ငန်း လုပ်ကိုင်သူများက မျှော်လင့်နေကြသည်။

Source: မြန်မာ့အလင်းသတင်းစာ(19.6.19)

## အိန္ဒိယအစိုးရမှ ပဲစင်းငုံဝယ်ယူမည့် ပမာဏနှစ်ဆ တိုးမြှင့်လိုက်သော်လည်း ပြည်တွင်း၌ ပဲစင်းငုံ လက်ကျန်တန်ချိန်ငါးသောင်းဝန်းကျင်သာရှိ

အိန္ဒိယနိုင်ငံ အစိုးရမှ ပြည်ပမှ ပဲစင်းငုံ တင်သွင်းခွင့် ပမာဏကို ထပ်မံတိုးမြှင့်လိုက်သော်လည်း မြန်မာနိုင်ငံတွင် ရောင်းချနိုင်သည့် ပဲစင်းငုံပမာဏမှာ တန်ချိန် ငါးသောင်းဝန်းကျင်သာကျန်ရှိနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။



အိန္ဒိယနိုင်ငံ အစိုးရက ၂၀၁၈- ၁၉ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ တန်ချိန် နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲကို ပြည်ပမှတင်သွင်းရန်ဧပြီလကခွင့်ပြုပေးခဲ့သည်။ သို့သော် လိုအပ်ချက်ရှိသည် ဟုဆိုကာ ယခု ဇွန်လအတွင်း ပဲစင်းငုံတန် ချိန်နှစ်သိန်းခန့် ထပ်မံတင်သွင်းရန် ကြေညာခဲ့ပြီး၊ စုစုပေါင်းတန်ချိန် လေးသိန်းခန့်ကို အောက်တိုဘာလ နောက်ဆုံးထား ကာတင်သွင်းသွား မည်ဖြစ်သည်။ " တစ်နှစ်လုံးလို့ ပြောထားရာကနေ

အောက်တိုဘာ ၃၁ ရက်နေ့ နောက်ဆုံး ထားပြီးပစ္စည်းကို အိန္ဒိယဆိပ်ကမ်းကို အရောက်ပို့ရမယ်ဆိုပြီး ထုတ်ပြန်တယ်။ မြန်မာနိုင်ငံ မှာကခက်တာက ပဲစင်းငုံလက်ကျန်ကတော်တော်နည်းသွားပါတယ်။ ပြည်တွင်းမှာ တန်ချိန် ငါးသောင်း ဝန်းကျင်လောက်ပဲ မှန်းတဲ့အခါကျတော့နောက်ထပ်တန်ချိန်နှစ်သိန်းတိုးသည့်တိုင်အောင် ရောင်းနိုင်တဲ့ပမာဏသိပ်မရှိဘူး ” ဟု ၎င်းကဆိုသည်။

သို့ဖြစ်ရာ လာမည့်နှစ်တွင် အိန္ဒိယအစိုးရမှ ဂယ်ယူတင်သွင်းမှု ကန့်သတ်ထားသည့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံ စိုက်ပျိုးမှုများကို ပြည်တွင်း၌ လျှော့ချစိုက်ပျိုးရန် သင့်၊ မသင့်နှင့် နိုင်ငံတကာဈေးကွက်ဂယ်လိုအားရှိသည့် ပဲမျိုးများကို ပြောင်းလဲ စိုက်ပျိုးသင့်၊ မသင့်တို့ကို အစိုးရ၊ ပုဂ္ဂလိကနှင့် စိုက်ပျိုးတောင်သူများမှ ပြန်လည်ဆွေးနွေး သုံးသပ်ရန်လိုအပ်လာကြောင်း ဖျာပုံမြို့နယ်မှ ပဲစိုက်တောင်သူ ဦးမျိုးဦးက ဆိုသည်။

အိန္ဒိယအစိုးရက အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရန် ၂၀၁၇ ခုနှစ်မှစ၍ ပြည်ပမှပဲစင်းငုံ အပါအဝင်၊ မတ်ပဲ၊ ပဲတီစိမ်း တင်သွင်းမှုပမာဏကို တန်ချိန် ကန့်သတ်ခဲ့သည်။ အိန္ဒိယ၏ ပဲတင်သွင်းခွင့် မူဝါဒ အပြောင်းအလဲကြောင့် ဈေးနှုန်းများ ကျဆင်းကာ တောင်သူများအရှုံးပေါ်ခဲ့သည်။ ထို့အပြင် အိန္ဒိယ အစိုးရမှ ဂယ်ယူတင်သွင်းမှု ကန့်သတ်ထားသည့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံ စိုက်ပျိုးမှုများကို ပြည်တွင်း၌ လျှော့ချစိုက်ပျိုးခဲ့ခြင်းကြောင့် ယခုနှစ်တွင် စိုက်ဧက ကျဆင်းသွားခဲ့သည်။

အိန္ဒိယနိုင်ငံမှာ ကမ္ဘာတွင် ပဲအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သကဲ့သို့ ပဲစားသုံးမှု အများဆုံးနိုင်ငံလည်း ဖြစ်ကာ အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲများနှင့် ပဲအထွက်နှုန်းတိုး မြင့်မားခြင်း၊ လျော့နည်းခြင်းက မြန်မာနိုင်ငံ၏ ပဲဈေးကိုသာမက နိုင်ငံတကာ ပဲဈေးကွက်အတွင်းရှိ ပဲဈေးအပေါ်လည်း ရိုက်ခတ်မှုရှိသည်။ “အိန္ဒိယအစိုးရအနေနဲ့က စားသုံးသူဈေးနှုန်းသိပ်မကြီးမြင့်အောင်၊ စိုက်ပျိုးတဲ့ တောင်သူလည်း ဈေးရအောင် လုပ်ရှားတဲ့ ပုံစံမျိုးဖြစ်နေတာ။ အဲတော့ ပဲဈေးကွက်အပေါ်မှာထိထိဂင်ဂင် အခုလိုမျိုး လိုရင်လိုသလို ကိုတာကိုတင်မယ် လျှော့မယ်ဆိုတာကတော့ အိန္ဒိယနိုင်ငံကို မှီခိုပြီး စိုက်ပျိုးတဲ့ ပဲတွေအပေါ်မှာ အန္တရာယ်တော့ရှိတာပေါ့ ” ဟု ဦးမင်းကိုဦးက ဆိုသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံဘက်မှ မြန်မာ့ပဲများကို နည်းနည်းချင်း စတင်ဂယ်ယူနေပြီဖြစ်ပြီး ရန်ကုန်ပဲ ဈေးကွက်၌ မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းများမှာ ဈေးနှုန်းအမြင့်ဘက်ကို ဦးတည်လျှက်ရှိနေသည်။ “တိုးပေးတယ်ဆိုပေမဲ့လည်း ပဲမှမရှိတော့တာ။ တစ်ခုတော့ရှိတယ်။ တိုးပေးတိုင်း ဂယ်မလားဆိုတော့မဟုတ်ဘူး။ ကိုက်မှဂယ်မှာပေ့ါ။ ပြည်တွင်းကလဲ တိုးတယ်ပြောတာနဲ့ တက်ပစ်လိုက်တော့တာ။ ဈေးတစ်ကယ် တက်ပစ်လိုက်ရင်တော့လည်း သူတို့က ဘယ်သိပ်ဂယ်တော့မလဲ “ ဟု ပဲကုန်သည် ဦးမျိုးလွင်က ဆိုသည်။

လက်ရှိ ဈေးကွက်အတွင်း ယခုဖွန်လ ပထမပတ်က တစ်တန်လျှင် ကျပ် ၉၅၀,၀၀၀ ခန့်ရှိသော ပဲစင်းငုံမှာ ဖွန်လ ၁၈ ရက်နေ့တွင် ကျပ် ၉၇၀,၀၀၀ ဝန်းကျင်သို့ မြင့်တက်လာသည်။ ထို့အတူ မတ်ပဲဈေး နှုန်းမှာလည်း တစ်တန် လျှင် ကျပ် ၈၆၀,၀၀၀ မှ ကျပ် ၈၈၄,၀၀၀ သို့ မြင့်တက်သည်။ ထို့အတူ တရုတ်ဈေးကွက်သို့ ၆၀ ရာခိုင်နှုန်းထိ အဓိကထား တင်ပို့နေသည့် ပဲတီစိမ်းဈေးနှုန်းမှာ ပြည်တွင်းဈေးကွက်တွင် တစ်တန်လျှင် ကျပ် ၁၁ သိန်းကျော် နှင့် ၁၄ သိန်းအကြား ဈေးရှိနေသည်။

Source: https://www.facebook.com/amiamyanmar/posts/2283201205098696?__tn__=K-R

## မန္တလေးဈေးကွက်အတွင်းပြောင်းဈေးနှုန်းဆက်တိုက်မြင့်တက်နေ

ယခုရက်ပိုင်းအတွင်း မန္တလေးကုန်စည်ဈေးကွက်၌ ပြောင်းဈေးနှုန်းများ ဆောက်တိုက်မြင့်တက်လာနေကြောင်း မန္တလေး ကုန်စည်ဈေးကွက်အတွင်းမှ သိရသည်။ ပြီးခဲ့သည့်မေလက ပြောင်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်ဝန်းကျင်သာ ရှိခဲ့သော်လည်း၊ ယခုအခါတွင် ပြောင်းသုံးတင်းဝင် တစ်အိတ်လျှင် ၂၅,၀၀၀ ခန့်ထိ ရောက်ရှိလာနေသည်။ " ဒီရက်ပိုင်းမှာ ပြောင်းကိုထိုင်းနိုင်ငံဘက်နဲ့ ဖိလစ်ပိုင်ဘက်က ဝယ်ယူမှုတွေရှိလာတယ်။ အဲဒါကြောင့် ပြောင်းဈေးနှုန်းတွေ တက်လာတာပါ။ ဒါပေမယ့် အခုဈေးနှုန်းကအများကြီးမတက်သေးဘူး။ တရုတ်ဘက်ကဝယ်ရင် ပိုတက်လာမယ် " ဟု ပြောင်းကုန်သည် ဦးစန်းမြင့်က ပြောသည်။



လက်ရှိအချိန်၌ မြန်မာ့ပြောင်းကို ဖိလစ်ပိုင်နိုင်ငံမှ လာရောက်ဝယ်ယူနေသော်လည်း ကုန်သည်အရေအတွက် နည်းပါးကြောင်း၊ သို့သော် ဇူလိုင်လတွင် ဂယ်ယူမှု ပိုမိုများပြားလာနိုင်ကြောင်း ကုန်သည် များကပြောသည်။ " ပြောင်းဈေးက သကြံန်မတိုင်ခင်ကဆိုရင် ၂၂,၀၀၀ ပတ်ချာလည်ရှိ တယ်။ သကြံန်ပြီးတော့ ၂၀,၀၀၀ အောက်ထိ ကျတယ်။ အခု ပြောင်းဈေးကွက်က ဘာဖြစ်နေလဲဆိုတော့ တရုတ်မဝယ်လဲ ရပ်တည်လို့ရတဲ့

အခြေအနေဖြစ်နေတယ်။ ဒါပေမယ့် ဈေးကောင်းမရဘူး အခုထိုင်းကုန်သည်တွေ ဝင်လာနေတယ်ဆိုတာကလည်း ရေရှည်မဖြစ်နိုင်ဘူး " ဟု ပြောင်းကုန်သည် ဦးအောင်သန်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း ပြောင်းဈေးနှုန်းများ ဆက်တိုက် မြင့်တက်လာနေသော်လည်း ၂၀၁၈ ခုနှစ်က အမြင့်ဆုံးဈေးဖြစ်သည့် ၃၄,၀၀၀ ဈေးအထိ ရောက်ရှိနိုင်ဖွယ် မရှိကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

Source: https://www.facebook.com/amiamyanmar/

## တရုတ်နယ်စပ် မူဆယ်ဈေးကွက်တွင် နာနတ်သီးဝယ်ယူမှု ရပ်ဆိုင်း

နစ်နိုင်ငံ သစ်သီးကုန်သွယ်ရေးသဘောတူစာချုပ်တွင် နာနတ်သီးမပါဝင်ဟုဆိုကာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတဆင့် နာနတ်သီးတင်ပို့နေမှုကို တရုတ်နိုင်ငံဘက်က ခွင့်မပြုတော့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ပြောပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ၊ သီပေါနဲ့ လားရှိုးဒေသထွက် နာနတ်သီးများကို တရုတ်နယ်စပ် မူဆယ်ဈေးကွက်ဆီ ဇွန်လ (၁၇) ရက်နေ့က တင်ပို့ရောင်းချခဲ့ပေမယ့် တရုတ်နိုင်ငံဘက်က တင်သွင်းခွင့်မပြုတာကြောင့် အရောင်းအဝယ်ရပ်ဆိုင်းထားရတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ နာနတ်စိုက်တောင်သူများ သွားရောက်ရောင်းချနေတဲ့ ဝမ်တိန်ရှိ သစ်သီးကွင်းကို ရွှေလီဝန်ကြီးက ချင်းရွှေဟော်ဘက်ကိုရွှေ့ခိုင်းတာကြောင့် တင်ပို့ခွင့်မပြုခြင်းဖြစ်ပြီး နာနတ်စိုက်တောင်သူများ အခက်အခဲနဲ့ ရင်ဆိုင်နေရကာ သစ်သီးဝလံအသင်းထံ ကူညီဖြေရှင်းပေးဖို့ တောင်းဆိုထားကြောင်းသိရပါတယ်။ နာနတ်စိုက် တောင်သူများအနေနဲ့ တရုတ်နိုင်ငံကို သွားရောက်ရောင်းချတဲ့အခါ ဈေးပိုရရှိတဲ့အပြင် ငွေလက်ငင်း ရရှိခြင်း၊ ဝယ်လိုအားများခြင်းတို့ကြောင့် တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ အားထားစိုက်ပျိုးနေကြခြင်းဖြစ်ပြီး အခုလိုရပ်ဆိုင်းလိုက်တဲ့အတွက် တောင်သူတွေ အခက်အခဲဖြစ်ပေါ် နေကြောင်း နာနတ်စိုက်တောင်သူများထံမှသိရပါတယ်။ နာနတ်သီးတင်ပို့မှုကို ရပ်ဆိုင်း လိုက်ခြင်းနဲ့ပတ်သက်ပြီး သစ်သီးဝလံ အသင်းအနေနဲ့ သက်ဆိုင်ရာနာနတ်သီးစိုက်ပျိုးသူများ၊ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနဲ့ ဆက်သွယ်ပြီး စီစဉ်ဆောင်ရွက်နေတဲ့အပြင် ဇွန်လ (၁၉) ရက်နေ့က နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ၎င်းအသင်းထံမှ သိရပါတယ်။



ထို့အပြင် ပို့ကုန်အလားအလာရှိတဲ့ ထောပတ်သီး၊ နာနတ်သီး၊ ၄က်ပျောသီး၊ ကျွဲကောသီး၊ ရှောက်နွယ်သီးနံ့ အပါအဝင် သီးနံ့ရှစ်မျိုးကို AQSIQ စာရင်းဝင်ပြီး တရားဝင် တင်ပို့ခွင့်ရရှိရေးအတွက် တရုတ် အစိုးရထံ တင်ပြထားကြောင်း သစ်သီးဝလံအသင်းမှ သိရပါတယ်။ မူရင်း( The Voice)

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2072-china-suspends-purchases-muse-market-pineapple.html?

## တရုတ်ယွမ်ငွေလဲနှုန်းကြောင့် နမ်းဈေးနှုန်းများကျဆင်းနေ နမ်းသစ်ပေါ်ချိန်ဖြစ်၍ ထပ်မံကျဆင်းနိုင်

ဈေးကွက်အတွင်း နမ်းမျိုးစုံဈေးကောင်းနေရာမှ တရုတ်ငွေကျဆင်းမှုနှင့်အတူ ယခင်သီတင်းပတ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်ဈေးကျသွားကြောင်းနှင့် နမ်းအသစ်အဝင်များလာတာကြောင့် ဆက်လက် ဈေးကျဆင်းနိုင်ကြောင်း သိရသည်။ “ နမ်းနက်က ရွှေဘို၊ ဝက်လက်ဘက်ကထွက်တဲ့နမ်းနက်တွေ အရည်အသွေးကောင်းတယ်။ ကျပ် ၂၆၅၀၀၀ ထိဈေးကောင်းနေတာကနေ ကျပ် ၂၄၅၀၀၀-၂၅၀၀၀၀ ကြားမှာဈေးကျသွားတယ်။ ဒီကာလမှာ နမ်းနက်အဝင်များလာတယ်။ တရုတ်အဝယ်ကလည်း ဈေးချဝယ်နေတာကြောင့် ဈေးပြန်ကျလာတာပါ။ တရုတ်ငွေဈေးက ကျနေတော့ဈေးထပ်ကျလာနိုင်သေးတယ်”ဟုနမ်းကုန်သည်တစ်ဦးကပြောသည်။ လက်ရှိရာသီမှာ နမ်းပေါ်ချိန်ဖြစ်ပြီး နမ်းသစ်များဈေးကွက်အတွင်းသို့ ဝင်လာနေခြင်းကြောင့် ဈေးနှုန်းများကျဆင်းနိုင်ကြောင်း ကုန်သည်များက သုံးသပ်နေခြင်းဖြစ်သည်။ “ နမ်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ နမ်းနက်စမုံ ထိပ်စက ကျပ် ၂၅၀၀၀၀-၂၅၅၀၀၀၊ နမ်းညိုက ကျပ် ၁၆၀၀၀၀-၁၆၂၀၀၀၊ နမ်းဖြူ ကျပ် ၁၈၀၀၀၀၊ နမ်းဖြူ(ဂျပန်) ကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိတယ်။ နမ်းအသစ်အဝင်များနေပေမယ့် ဝယ်လိုအားကောင်းနေတော့ ဈေးနှုန်းက ကျဆင်းခြင်းမရှိဘဲ တည်ငြိမ်နေပါတယ်။ ဒီနှစ်က

မန္တလေး၊ မုံရွာ၊ ဂက်လက်၊ ပခုက္ကူဘက်က အဝင်များပါတယ်။ အဝင်များလာလို့ ဈေးချဝယ်ယူမှာတော့စိုးရတယ်”ဟု နှမ်းကုန်သည် ဦးမျိုးဆွေက ဇွန်လ ၁၉ ရက်နေ့ကပြောသည်။

သို့သော်တရုတ်ဝယ်လိုအားကောင်းနေသည့် နှမ်းဖြူ(ဂျပန်)မှာမူ ဈေးနှုန်းများမြင့်တက်နေဆဲဖြစ်သည်။ နွေနှမ်း ရိတ်သိမ်းရာသီတွင် နှမ်းဖြူ(ဂျပန်)တစ်တင်းကျပ် ၆၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိနေသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်လယ်မြေများတွင် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ ရေသွင်း စိုက်ပျိုးရသည့်နှမ်းဖြူစိုက်ဧက အများစုတွင် မေလကုန်ပိုင်းက မိုးရွာသွန်းမှုကြောင့် နှမ်းခင်းများ ပျက်စီးမှုရှိခဲ့ပြီး နှမ်းရိတ်သိမ်း ချိန်တွင် နှမ်းဖြူအထွက်နှုန်းကျဆင်းခဲ့သည်။ အထွက်နှုန်းကျဆင်းသွားသော်လည်း တရုတ်ဝယ်လက်များ နှမ်းဖြူ ဝယ်လိုအားကောင်းနေတာကြောင့် မန္တလေးဈေးကွက်တွင် သုံးတင်ဝင်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀-၁၈၅၀၀၀ ပေါက်ဈေး ရှိသဖြင့် နှမ်းစိုက်တောင်သူများဈေးကောင်းရရှိနေခြင်းဖြစ်သည်။

Source: https://www.thefarmermedia.com/news/13247

## နိုင်ငံတကာဈေးကွက်

### ဆန်တင်ပို့သည့် အာရှနိုင်ငံကြီးများ ပို့ကုန်ဝယ်လိုအား နေးကွေးလျက်ရှိ

ဝယ်လိုအားနည်းပါးမှုအရ ယခုတစ်ပတ်တွင် အိန္ဒိယနှင့် ဗီယက်နမ်ဆန်ပို့ကုန်ဈေးများ ကျဆင်းခဲ့ပြီး ကမ္ဘာ့ဆန် တင်ပို့မှု ဒုတိယအများဆုံးထိုင်းနိုင်ငံ၌ ဆန်အော်ဒါသစ်ရရှိရေး အခက်တွေ့နေသည့်တိုင် ထိုင်းဘတ်ငွေ အားကောင်းမှုကြောင့် ထိုင်းဆန်ဈေးမှာ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှု နည်းပါးနေကြောင်း သိရသည်။ ဆန်တင်ပို့မှု ထိပ်သီးအိန္ဒိယနိုင်ငံတွင် ငါးမှတ် ပေါင်းဆန်ဈေးနှုန်းသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၃၆၆-၃၆၉ ဒေါ်လာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၆၅-၃၆၇ ဒေါ်လာ သို့ကျဆင်းလာသည်။ “အာဖရိကဝယ်လက်တွေဆီမှာဆန်လက်ကျန် အလျှံပယ်ရှိနေတယ်။ သူတို့ဆန်ဝယ်ဖို့ အလျင်မလိုကြ သေးဘူး” ဟု အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အန္ဒရပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်မဟုတ်သော အခြားဆန်အမျိုးအစားများကို အာဖရိကနိုင်ငံများထံသို့ အခြားဆန် အမျိုးအစားများကို အာဖရိကနိုင်ငံများထံသို့ အဓိကထားတင်ပို့ပြီး ပထမတန်း ဘာစမာတီ ဆန်များကို အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများသို့ တင်ပို့သည်။ အိန္ဒိယမုတ်သုံအဝင်နောက်ကျခြင်းကြောင့် မိုးစပါးစိုက်ပျိုးမှု နှောင့်နှေးဖွယ်ရှိကြောင်း ကုန်သည်များက ပြောသည်။

ဗီယက်နမ်နိုင်ငံတွင်လည်း ဆန်ဝယ်လိုအားထိုင်းနေပြီး ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ဒေါ်လာ ၃၅၀ - ၃၆၀ တွင် ရပ်တည်ခဲ့ရာမှ ကြာသပတေးနေ့၌ ၃၄၅ - ၃၅၀ ဒေါ်လာသို့ လျော့ကျလာကြောင်း ကုန်သည်များကပြော သည်။ “လတ်တလောမှာ ဈေးကွက်က ငြိမ်နေတယ်။ အဝယ်ကမ်းလှမ်းမှု များများစားစားမရှိဘူး” ဟု ဟိုချီမင်း စီးတီးမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။ နွေနှောင်းစပါးရိတ်သိမ်းရာမှ ရရှိသည့်ဆန်များ အရည်အသွေးနိမ့်ကျခြင်းက ဆန်ဈေးကို ကျဆင်းစေသည်ဟု အခြားကုန်သည်တစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံတွင် ကြာသပတေးနေ့က ဖြစ်ပေါ်ခဲ့သော ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲ မရှိဘဲ တစ်တန်လျှင် ၃၉၃-၄၀၄ ဒေါ်လာတွင် ရပ်တည်ခဲ့သည်။ ရေတိုနှင့် ရေလတ်ကာလတွင် ထိုင်းဆန်ကို ပမာဏများများ စားစားဝယ်ယူမည့်အရိပ်အယောင် မတွေ့ရသဖြင့် ထိုင်းဆန်ဝယ်လိုအားမှာ ဆက်လက်ငြိမ်သက်နေသေးသည်ဟု ကုန်သည် များက ပြောသည်။ “ရာမာဒန်ပွဲတော်အပြီးမှာ အရှေ့အလယ်ပိုင်းဈေးကွက်တွေကို စောင့်ကြည့်နေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိတော့ ပမာဏများများစားစားဝယ်မယ့်လက္ခဏာ မတွေ့ရဘူး။ ကုန်သည်အများစုဟာ ရောင်းနေကျ ဝယ်လက်တွေကို ရောင်းချနေရပါတယ်”ဟု ဘန်ကောက်မြို့မှ ဆန်ကုန်သည်တစ်ဦးကပြောသည်။

ကြာသပတေးနေ့တွင် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ လေးလနီးပါးအတွင်း တန်ဖိုးအမြင့်ဆုံး ရောက်ရှိခဲ့ သော ဘတ်ငွေသည် တန်ဖိုးအမြင့်ဆုံးရောက်ရှိခဲ့သော ဘတ်ငွေသည် တန်ဖိုးဆက်လက်အားကောင်းနေပြီး ဆန်ဈေးကို ယှဉ်ပြိုင်နိုင်စွမ်း ဆက်လက်ကျဆင်းစေလျက်ရှိသည်။ “ လောလောဆယ်မှာ ထိုင်းဆန်ဈေးအပေါ်လွှမ်းမိုးတဲ့ တစ်ခုတည်း သောအချက်ဟာ ငွေကြေးဖြစ်ပါတယ်။ ဘတ်ငွေအားကောင်းနေတာကြောင့် ထိုင်းဆန်ဟာ ပြိုင်ဘက်နိုင်ငံတွေထက် ဈေး ပိုကြီးနေပါတယ်” ဟု အခြားကုန်သည်တစ်ဦးက ပြောသည် ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းဆန် ဈေးပြုတ်ကျနေသော်လည်း ပြည်ပသို့ဆန်တင်ပို့ရေးအခက်တွေ့နေကြောင်း သိရသည်။ " ဘင်္ဂလားဒေ့ရှ်ဆန်ဟာ အိန္ဒိယ၊ ထိုင်းတို့ထက် ဈေးပိုကြီးနေတာကြောင့် ပို့ကုန်စာချုပ် ချုပ်နိုင်ဖို့ မလွယ်ပါဘူး" ဟု ဒါကာမြို့မှ ကုန်သည်တစ်ဦးကပြောသည်။ ပေါင်းဆန်ထုတ်လုပ်လေ့ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆန်ဈေးက ဆင်းနေချိန်တွင် ပြည်တွင်း တောင်သူများအား အထောက်အပံ့ပြုနိုင်ရေး ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းခွဲအထိ တင်ပို့ရန် ရည်ရွယ်၍ ကာလရှည်ပိတ်ပင်ခဲ့သော ဆန်တင်ပို့မှုကို ပြန်လည်ခွင့်ပြုခဲ့သည်။

Source: https://www.thefarmermedia.com/news/13192

## တောင်ကိုရီးယားက ပြောင်းတန်ချိန် ၆၅၀၀၀ ကို တောင်အမေရိကတိုက်မှ ဝယ်ယူ

တောင်ကိုရီးယားနိုင်ငံ၏ မွေးမြူရေးအစာလုပ်ငန်း ဦးဆောင်ကော်မတီ (FLC) သည် ပြောင်းတန်ချိန် ၆၅၀၀၀ ဝယ်ယူခဲ့ပြီး ထိုဝယ်ယူမှုမှာ နိုင်ငံတကာတင်ဒါမထုတ်ပြန်ဘဲ ပုဂ္ဂလိကစာချုပ်ဖြင့် တောင်အမေရိကတိုက်မှ ဝယ်ယူရန်မျှော်လင့်ထားသော ပြောင်းများဖြစ်ကြောင်း ဥရောပကုန်သည်များက သောကြာနေ့တွင် ပြောသည်။

ပြောင်းများကို တစ်တန်လျှင် ၂၁၁ ဒသမ ၉ ဒေါ်လာအပြင် ဆိပ်ကမ်းကုန်ချခ တစ်တန်လျှင် ၁ ဒသမ ၂၅ ဒေါ်လာနှုန်း ထပ်ဆောင်းပေးချေ၍ ဝယ်ယူခဲ့သည်။ ကုန်ပို့ရမည့်ရက်မှာ ယခုနှစ် ဩဂုတ်လ ၁၅ ရက်နှင့် စက်တင်ဘာလ ၁၅ ရက်ဖြစ်ပြီး ကုန်ရောင်းသည့်အဖွဲ့မှာ တရုတ်ကုန်သွယ်ရေးလုပ်ငန်း Cofco ဖြစ်ကြောင်း ကုန်သည်များကပြောသည်။

အမေရိကန်ပြည်ထောင်စုတွင် မိုးများဆက်တိုက်ရွာသွန်းကာ ပြောင်းစိုက်ပျိုးပြီးစီးမှု ပုံမှန်ထက် နောက်ကျခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ပြီးနောက် ရှီကာဂိုကုန်စည်ဒိုင်၏ ပြောင်း ကြိုပွိုင့်ဈေးများ ယခင်တစ်ပတ်ကရှိခဲ့သော သုံးနှစ်အတွင်း အမြင့်ဆုံးနှုန်းအနီးသို့ ချဉ်းကပ်ရောက်ရှိခဲ့သည်။

သို့သော် အာရှတိုက်ရှိပြောင်းတင်သွင်းသည့်နိုင်ငံများသည် ပြောင်းလိုအပ်ချက် အများစုကို တစ်တန် လျှင် ဒေါ်လာ ၁၈၀ - ၁၉၀ နှုန်းဖြင့် နွေဦးရာသီက ဝယ်ယူထားခဲ့ပြီးဖြစ်ကာ လက်ကျန်ပြောင်းများကို လိုအပ်မှသာ ဝယ်ယူသွားရန်ရှိသည်။

Source- https://www.thefarmermedia.com/news/13177 (Reuters)

## အမေရိကန် ဗဟိုဘဏ်အစည်းအဝေးဝယက်ကြောင့် ကမ္ဘာ့ရွှေဈေးမှာ (၅) နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာခဲ့

၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့နှင့် ဇွန်လ (၁၉) ရက်နေ့တို့တွင်ပြုလုပ်ခဲ့သည့် အမေရိကန် ဗဟိုဘဏ် အစည်းအဝေး၌ အမေရိကန်ဗဟိုဘဏ်အနေဖြင့် လက်ရှိကျင့်သုံးနေသော တင်းကြပ်သည့် ငွေကြေးမူဝါဒများကို စွန့်လွှတ်၍ ဘဏ်တိုးနှုန်းအများအပြား လျှော့ချမည့်အစီအစဉ်ကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြသခဲ့သည့် အတွက် ယင်းအစည်းအဝေးအပြီးတွင် ကမ္ဘာ့ရွှေဈေးမှာ (၅) နှစ်တာကာလအတွင်းအမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့ကြောင်း သိရှိရပါသည်။

ဗဟိုဘဏ်အစည်းအဝေးအပြီး ထုတ်ပြန်သည့်ကြေညာချက်၌ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် ကုန်သွယ်ရေး တင်းမာမှုများနှင့် စီးပွားရေးကျဆင်းလာမည့် အခြေအနေများကြောင့် ဗဟိုဘဏ်အနေဖြင့်ဘဏ်တိုးနှုန်းကို လာမည့် ဇူလိုင်လမှ စတင်၍ လျှော့ချသွားမည်ဟုဖော်ပြထားကြောင်း၊ ဗဟိုဘဏ်အစည်းအဝေး၌ ဗဟိုဘဏ်ကော်မတီဝင် (၁၇) ဦးအနက်(၇) ဦးကဘဏ်တိုးနှုန်းကိုလာမည့်ဇူလိုင်လကုန်၌ လက်ရှိနှုန်းထားမှ သုည ဒသမ၂၅ ရာခိုင်နှုန်းလျှော့ချပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမတိုင်မီ သုည ဒသမ ၅ ရာခိုင်နှုန်း ထပ်မံလျှော့ချရန်အဆိုပြုခဲ့ကြကြောင်း၊ ထို့ကြောင့် ဗဟိုဘဏ်အနေဖြင့် ၂၀၁၉ ခုနှစ် လက်ကျန်ကာလများအတွင်းဘဏ်တိုးနှုန်းကို စုစုပေါင်း သုည ဒသမ ၇၅ ရာခိုင်နှုန်းအထိ လျှော့ချဖွယ်ရှိသောကြောင့် ဗဟိုဘဏ်အစည်းအဝေးအပြီးတွင် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းကာ ကမ္ဘာ့ရွှေဈေးနှုန်းမှာ (၅) နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရွန်မီပေါင်ဝယ်လ်သည် တင်းကြပ်သောငွေကြေးမူဝါဒများကို ကျင့်သုံးလိုသူတစ်ဦး ဖြစ်ကြောင်း၊ အမေရိကန်သမ္မတဒေါ်နယ်ထရန့်မှာမူ အမေရိကန်နှင့် အခြားစီးပွားရေးအင်အားကြီးနိုင်ငံများအကြား ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အမေရိကန်ဒေါ်လာတန်ဖိုးအားကောင်းနေပါက ကုန်သွယ်ရေးစစ်ပွဲ၌ အမေရိကန်ပြည်ထောင်စုအထိနာနိုင်သည့်အတွက် ဘဏ်တိုးနှုန်းလျှော့ချရေးကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလကတည်းက

တောင်းဆိုခဲ့သော်လည်း ဗဟိုဘဏ်ဥက္ကဋ္ဌကလုပ်ဆောင်ပေးခြင်းမရှိသောကြောင့် ဗဟိုဘဏ်ဥက္ကဋ္ဌနေရာကို အပြောင်းအလဲပြုလုပ်ရန်ဆန္ဒရှိနေကြောင်း၊ ယခုကျင်းပခဲ့သည့် ဗဟိုဘဏ်အစည်းအဝေးကာလအတွင်း၌လည်း အမေရိကန်သမ္မတသည် ဗဟိုဘဏ်ဥက္ကဋ္ဌအား ရာထူးမှထုတ်ပယ်ရန်အတွက် သမ္မတတစ်ဦးအနေဖြင့် လိုအပ်သည့်အခွင့်အာဏာများနှင့် လုပ်ပိုင်ခွင့်များကို လေ့လာသုံးသပ်နေသည်ဟူသော သတင်းများထွက်ပေါ်ခဲ့ပြီးနောက်တွင် ဗဟိုဘဏ်၏ငွေကြေးမူဝါဒများ ပြောင်းလဲလာခဲ့ကြောင်းသိရှိရပါသည်။

ကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဗဟိုဘဏ် အစည်းအဝေးပြီးဆုံးသည်နှင့်တပြိုင်နက် ဇွန်လ (၂၀) ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် နယူးယောက်ဈေးကွက်၌ ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၃၉၇ ဒသမ ၇၀) ဈေးနှုန်းအထိရောက်ရှိခဲ့ကြောင်း၊ ဈေးနှုန်းအဆမတန်မြင့်တက်သွားသည့်အတွက် အမြတ်အစွန်းရလိုမှုကြောင့် အပြိုင်အဆိုင်ရောင်းချလာကြသောကြောင့် နေ့လည်ပိုင်းတွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၃၈၂) ဝန်းကျင်သို့ ကျဆင်းသွားခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းသည်ပင် ၂၀၁၄ ခုနှစ်နောက်ပိုင်း (၅) နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်းwww.bloomberg.com အင်တာနက် website တွင် ဖော်ပြပါရှိပါသည်။

မှတ်ချက်။ ။ အမေရိကန်ဗဟိုဘဏ်၏ လက်ရှိဘဏ်တိုးနှုန်းမှာ ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်ပါသည်။

Source:https://www.facebook.com/a9biz/

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မိုးခေါင်ခဲ့မှုကြောင့် ငရုတ်စိုက်ပျိုးမှု တစ်လခန့် နောက်ကျနေ

မိုးခေါင်ခဲ့မှုကြောင့် ငရုတ်စိုက်ပျိုးမှု တစ်လခန့် နောက်ကျလျက်ရှိကြောင်း နေပြည်တော်ရှိ ငရုတ်စိုက် တောင်သူများက ပြောသည်။ " အရင်နှစ်ကဆိုရင် ဧပြီနှောင်းပိုင်းနဲ့ မေလအတွင်းမှာ စိုက်ကြတယ်။ အခု ဇွန်လထဲရောက်နေပြီ ငရုတ်ရေခံ စိုက်ဖို့ မိုးရွာ၊ မရွာဆိုပြီး စောင့်နေကြတာ။ တစ်ချို့ချောင်း၊ မြောင်းနဲ့နီးတဲ့ ယာခင်းတွေကတော့ စက်နဲ့ ရေတင်ပြီး စိုက်နေကြတယ်။ ဒါကလည်း ကုန်ကျစရိတ် တက်တာပေါ့။ ဒါက အပင်အောက်ဓာတ်ကို အစိုဓာတ်ပေး နိုင်တယ်" ဟု နေပြည်တော်၊ တပ်ကုန်းရှိ ငရုတ်စိုက်တောင်သူ ဦးလွင်ဦးက ပြောသည်။

လက်ရှိ ငရုတ်ပျိုးဖတ် တစ်ရာလျှင် ကျပ် ၈,၀၀၀ မှ ၁၃,၀၀၀ ဈေးပေါက်နေကြောင်း၊ ယခင်နှစ် ကာလတူထက် နှိုင်းယှဉ်ပါက ကျပ် ၃,၀၀၀ ခန့် ဈေးပိုပေး ဝယ်ယူရကြောင်း ဆိုသည်။ " ဒီဘက်မှာ အစိုက်များတာက ငရုတ်မိုးတို၊ မိုးရှည်နဲ့ ထိုင်ဝမ်း ငရုတ်စိမ်း စိုက်တာပါ။ ငရုတ်စိုက်ချိန် နောက်ကျရင် ထွက်လာမယ့် အချိန်ကဆောင်းဘက်ကို ရောက်လာရင် အသီးတွေ ပိုးဝင်တာ၊ နင်းကျတာကြောင့် အသီးအဖြူခြောက်တွေ ထွက်လာမှာဖြစ်လို့ နောက်ကျမှ စိုက်တာ အဆင်မပြေနိုင်ဘူး။ အခုတော့ တစ်ချို့ အခင်းတွေ ရေခံစိုက် နေကြတယ်"ဟု နေပြည်တော်၊ တပ်ကုန်းရှိ ငရုတ်စိုက်တောင်သူ ဦးဖြူလွင် က ပြောသည်။



မိုးငရုတ် စိုက်ရန် ဧပြီမှ စတင်ပျိုးထောင်ပြီး တစ်လခွဲအကြာတွင် ပျိုးပင်နုတ်ယူ စိုက်ပျိုးကြောင်း၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ ခူးဆွတ်ကြကြောင်းသိရသည်။ငရုတ်တစ်ဧကလျှင်ပျိုးပင်ပေါင်း တစ်သောင်းမှ တစ်သောင်းသုံးထောင်ကြား ကုန်ကျပြီး စိုက်ပျိုးလုပ်သား ငါးယောက်ဝင်ကာ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ်တစ်သိန်းကျော် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငရုတ်ကို မန္တလေးတိုင်း၊ မကွေး၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် အများဆုံးစိုက်ကာ ပြည်ပတင်ပို့မှုထက် ပြည်တွင်းသုံးစွဲမှု မြင့်မားပြီး အမျိုးအစားပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၃,၀၀၀ မှ ကျပ် ၅,၀၀၀ ကြား ရရှိပြီး မိုးကြိုငရုတ်၊ မိုးနှောင်းငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ ခွဲခြားစိုက်ပျိုးပြီး မျိုးစေ့အမျိုးအစားပေါင်း၂၀ ခန့်ရှိကြောင်း သိရသည်။ Source:https://www.facebook.com/amiamyanmar/posts/2278056828946467?_

## မြန်မာ့စိန်တလုံးသရက်သီးများ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရန် အရည်အသွေးစစ်ဆေးထုပ်ပိုး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးသာမက စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တန်ဖိုးမြင့်ထွက်ကုန်

များအဖြစ် ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် အဆင့်မြင့်စိုက်ပျိုးနည်းပညာများ အသုံးပြု စိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဆွတ်ခူးရိတ်သိမ်းပြီးနောက်ပိုင်း လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်အပင်ဇီဝဌာနခွဲ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် မြတ်ရတနာ စက်မှုကုမ္ပဏီနှင့် ဂျပန်နိုင်ငံ စူမီတိုမိုကုမ္ပဏီတို့ပူးပေါင်း၍ ဂျာမနီနိုင်ငံသို့ မြန်မာ့စိန်တလုံး သရက်သီးများ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အရည်အသွေးစစ်ဆေးခြင်း၊ ရေနွေး စိမ်ခြင်း၊ အခြောက်ခံခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ထုပ်ပိုးမှုများကို ဇွန် ၂၀ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ ရိတ်သိမ်းချိန်လွန်နည်းပညာဗဟိုဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့စိန်တလုံးသရက်သီးကို ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် မြတ်ရတနာခြံမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားပြီး ယမန်နှစ်က ဂျာမနီနိုင်ငံသို့ ကီလို ၁၄၀ ပို့ခဲ့ပြီး ယခုနှစ်တွင်လည်း ဂျာမနီနိုင်ငံသို့ ကီလို ၆၀ နှစ်ကြိမ်ခွဲ၍ တင်ပို့သွားမည်ဖြစ်ကြောင်း မြတ်ရတနာစက်မှုကုမ္ပဏီမှ တာဝန်သူက ပြောသည်။

Source: မြန်မာ့အလင်းသတင်းစာ (၂၃.၆.၁၉)

## ဗီယက်နမ် လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ငါးတန် မွေးမြူရေးစီမံကိန်း လုပ်ဆောင်မည်

ဗီယက်နမ် လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ငါးတန် မွေးမြူရေး စီမံကိန်း တစ်ခုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရွှေနဒီ ငါးမွေးမြူ ရေးလုပ်ငန်းရှင် ဦးအောင်မင်းခိုင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးနှင့် အနီးဝန်းကျင်ဒေသများတွင် ငါးတန်မျိုးပေါက် ရရှိရန်ရှားပါသည့်အတွက် ဗီယက်နမ် လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ငါးတန်မျိုးပေါက် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ " ဒီစီမံကိန်းမှာ ဗီယက်နမ်မျိုးဖြစ်တဲ့ ငါးတန်တွေလည်း မွေးမယ်၊ မြန်မာ ငါးတန်မျိုးလည်း မွေးမယ်၊ ပြည်ပက လုပ်ငန်းရှင်နဲ့ ဘာလို့ ပူးပေါင်းရတာလဲဆိုရင် နည်းပညာရော ငွေအားရော ပိုများလာမှာ ဖြစ်တဲ့အတွက် ဗီယက်နမ် လုပ်ငန်းရှင်တွေနဲ့ ပေါင်းလုပ်ဖို့ စီစဉ်လိုက်တာ " ဟု ဦးအောင်မင်းခိုင်က ပြောသည်။



ငါးတန် စီမံကိန်းလုပ်ဆောင်မည့်နေရာကို လက်ရှိအချိန်တွင် မတ္တရာမြို့နယ်၊ လင်းမြွေချောင်းကျေးရွာအနီးဟု ကနဦး ရွေးချယ်ထားပြီး စီမံကိန်းမြေနေရာ အကျယ်အဝန်းကို ၈ ဧကခန့် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။ "ဒီစီမံကိန်း လုပ်မယ့်နေရာမှာ မြေလွတ်မြေရိုင်းရှိလားဆိုတာ ရှာနေတယ်။ မြေလွတ် မဟုတ်တဲ့နေရာကျ မူရင်းပိုင်ရှင်တွေ ဆီကနေဝယ်ရမယ်။ ဝယ်ဖို့အတွက် အခုဈေးနှုန်းကတော့ ညှိရမှာပေါ့ " ဟု ဦးအောင်မင်းခိုင် က ပြောသည်။

အဆိုပါ ငါးတန်စီမံကိန်းကို ပူးပေါင်းပြီး လုပ်ဆောင်မည့် ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များသည် ဗီယက်နမ်နိုင်ငံ တွင် ငါးခူ၊ ငါးတန်၊ ငါးကြင်း မျိုးပေါက်များကို ရောင်းချသည့် လုပ်ငန်းရှင်များဖြစ်ကြောင်း သိရသည်။

Source:https://www.facebook.com/amiamyanmar/

## ပြည်တွင်းထုတ် သကြား တန်ချိန် ၁၂၀,၀၀၀ ကို တရုတ်သို့ တင်ပို့ရန် နားလည်မှုစာချွန်လွှာ ရေးထိုး

ပြည်တွင်းထုတ်သကြားတန်ချိန် ၁၂၀,၀၀၀ ကို တရုတ်နိုင်ငံသို့တင်ပို့ရန် နားလည်မှုစာချွန်လွှာရေးထိုး ထားပြီး ငါးလအတွင်း တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။ "ယူနန်အစိုးရရဲ့ လတ်တလော လိုအပ်ချက်အရ နားလည်မှုစာချွန်လွှာ ရေးထိုးထားတဲ့အထဲမှာ သကြား တန်ချိန် တစ်သိန်းနှစ်သောင်း တင်ပို့ခွင့်ရတယ်။ အခုဆို တန်ချိန် တစ်သောင်း ကို စတင်တင်ပို့သွားမှာ ဖြစ်ပါတယ်။ တင်ပို့မယ့် သကြားတွေကိုတော့ တရုတ်က လာရောက်စစ်ဆေးမှုတွေ ပြုလုပ်မှာ တင်ပို့တဲ့အခါမှာလည်း အရည်အသွေးရှိတဲ့ စက်ရုံတွေက ပစ္စည်းတွေကိုပဲ ဝယ်ယူမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ယခုဇွန်လ ၁၂ ရက်နေ့က ကူးမင်းမြို့တွင် နားလည်မှု စာချွန်လွှာ ရေး ထိုးခဲ့ပြီး လက်ရှိပြည်တွင်း၌ သကြားတန်ချိန်

ရှစ်သိန်းခန့် လက်ကျန်ရှိနေကြောင်း သိရသည်။ "ပြည်တွင်းမှာ သကြားဈေးတွေ ဆက်တိုက်ကျဆင်းနေတယ်။ တရုတ်ကို ပို့နိုင်မယ်ဆိုရင်တော့ လက်ကျန် သကြားတွေအတွက် အခွင့်အလမ်းတစ်ခု ရလာပေမယ့် ပြည်ပကနေ လုပ်ငန်းသုံး သကြားလိုင်စင် ပေးတာတွေ ကိုလည်း ယာယီသဘောမျိုး တားမြစ်ထားသင့်တယ်။ ပြည်တွင်းမှာလည်း သကြားတန်ချိန် လေးသိန်းလောက် ထွက်ရှိနေတာနဲ့တင် လုံလောက်နိုင်ပါတယ် " ဟု ရန်ကုန်- မူဆယ်ရှိ သကြားကုန်သည် ဦးမြတ်မော်က ပြောသည်။

လက်ရှိ နိုင်ငံအတွင်း ကြံစိုက်ပျိုး ဧကပေါင်း ၄ သိန်းကျော်၊ ကြံတန်ချိန် ၁၀ သန်းကျော်၊ သကြား တန်ချိန် သုံး သိန်းကျော်မှ လေးသိန်းနီးပါး ထွက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းထွက် သကြားများ တရုတ်နိုင်ငံသို့ တင်ပို့မှုစာရင်းများအရ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် သကြားတန်ချိန် တစ်သိန်းကျော် အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၈ သန်း ရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့သကြား အများဆုံး ထုတ်လုပ်နိုင်သည့် စာရင်းတွင် ၅ နိုင်ငံမြောက်အဖြစ် ပါဝင်သော် လည်း စားသုံးရန် လိုအပ်ချက်သည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့် ရှိသည့်အတွက် နှစ်စဉ် တန်ချိန် ၆ သန်းခန့် လိုအပ် လျက်ရှိသည်။ Source:https://www.facebook.com/amiamyanmar/posts/2286898411395642?

## လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးဖို့ မြန်မာကို ကမ္ဘာ့ဘဏ် သတိပေး

မြန်မာနိုင်ငံအနေနဲ့ လျှပ်စစ်ကဏ္ဍထဲ ရင်းနှီးမြှုပ်နှံမှုတွေကိုနှစ်ဆတိုး မြှုပ်နှံဖို့လိုကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန် ပြောကြားလိုက်ပါတယ်။ ယင်းအပြင် နိုင်ငံမှာလျှပ်စစ်လိုအပ်ချက် အလျင်အမြန် ကြီးထွားလာနေမှုကို ကိုင်တွယ်နိုင်မယ့် ပရောဂျက်တွေကို ဖော်ဆောင်ဖို့ကိုလည်း ကမ္ဘာ့ဘဏ်ကတိုက်တွန်းသွားပါတယ်။

ဇွန်လ ၁၈ ရက်က ထုတ်ပြန်တဲ့ တစ်နှစ်နှစ်ကြိမ် ထုတ်ပြန်နေကျ အစီရင်ခံစာ Myanmar Economic Monitor မှာ ဖော်ပြထားတဲ့ အချက်အလက်ကိန်းဂဏန်းတွေအရ ပြည်တွင်း၊ ပြည်ပ suppliers တွေရဲ့ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာ သိသိ သာသာ မြင့်တက်မှုမရှိဘူးဆိုရင် မြန်မာနိုင်ငံရဲ့ လျှပ်စစ်ပေးဝေမှုပိုင်းမှာ ထပ်မံဆိုးဝါးသွားစေလိမ့်မယ်လို့ ဖော်ပြထားတယ်လို့ သိရပါတယ်။

ဒါ့အပြင် နိုင်ငံရဲ့လျှပ်စစ်သုံးစွဲမှုဟာ ပျမ်းမျှတစ်နှစ် ၁၁ ရာခိုင်နှုန်းနဲ့ မြင့်တက်လိမ့်မယ်လို့လည်း ယင်းအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လျှပ်စစ်လိုအပ်ချက်အမြင့်ဆုံးအတိုင်းအတာအဖြစ် လာမယ့် ၂၀၃၀ မတိုင်ခင် ၁၂ ဒသမ ၆ ဂီဂါဝပ် (GW) အထိ ရောက်ရှိမယ်လို့ ခန့်မှန်းရပြီး ယင်းကတော့လက်ရှိလယ်ဗယ်ထက် ၃ ဒသမ ၅ ဆ ပိုများနေမှာ ဖြစ်ပါတယ်။

ဒီလိုလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ အလို့ငှာ မြန်မာ အာဏာပိုင်တွေအနေနဲ့ဓာတ်အားပေးစက်ရုံ အသစ်တွေ တည်ဆောက်ဖို့၊ ရှိပြီးသားစက်ရုံတွေကို ပြန်လည်ပြုပြင်ဖို့ တစ်နှစ်ကို ဒေါ်လာ ၂ ဘီလီယံလောက်လိုအပ်ကြောင်း သိရပါတယ်။

Source: https://www.facebook.com/SFJWeekly/posts/2490958877658056?__tn__=K-R

# ပြည်ပကုန်သွယ်မှုသတင်း

## တစ်နှစ်အတွင်း ပြင်သစ်စိုက်ပျိုးရေးခြံ ၅၀၀၀ အထိ အော်ဂဲနစ် စနစ်သို့ စံချိန်တင်ကူးပြောင်း

ပြင်သစ်နိုင်ငံတွင် အော်ဂဲနစ်လယ်ယာထုတ်ကုန်ခေတ်စားလာနေပြီး ယမန်နှစ်က ပြင်သစ်စိုက်ပျိုးရေးခြံ အရေ အတွက် စံချိန်တင်၍ အော်ဂဲနစ်လယ်ယာစနစ်သို့ ကူးပြောင်းခဲ့ကြောင်း ပြင်သစ်အော်ဂဲနစ် ကုန်စည်အဖွဲ့က အင်္ဂါနေ့တွင် ပြောသည်။

ဥရောပသမဂ္ဂတွင် လယ်ယာကုန်စည်ထုတ်လုပ်မှု အများဆုံးဖြစ်သော ပြင်သစ်နိုင်ငံ၌ ယမန်နှစ်က စိုက်ပျိုးရေးခြံ ၅၀၀၀ အထိ အော်ဂဲနစ်စနစ်သို့ ကူးပြောင်းခဲ့ရာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့၏ စံချိန်တင်ရေးအတွက် ခြံရေ ၄၂၀၀ ကိုဖြတ်ကျော်ခဲ့သည်ဟု AgenceBio က နှစ်ပတ်လည်ဈေးကွက်အစီရင်ခံစာတွင် ဖော်ပြသည်။

ထို့ကြောင့် ယခုအခါ ပြင်သစ် အော်ဂဲနစ်စိုက် ခြံအရေအတွက်မှာ ၁၃ ရာခိုင်နှုန်းတိုး၍ ခြံရေ ၄၁၆၀၀ သို့မဟုတ် စုစုပေါင်းစိုက်ခြံအနက် ၉ ဒသမ ၅ ရာခိုင်နှုန်းရှိလာသည်။ အော်ဂဲနစ်စိုက်ပျိုးရေးဧရိယာမှာ ၁၇ ရာခိုင်နှုန်း မြင့်တက်ကာ ဟက်တာနှစ်သန်း သို့မဟုတ် စုစုပေါင်းစိုက်ခြံဧရိယာ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။

သို့သော်ပြင်သစ်နိုင်ငံ၏ အော်ဂဲနစ်စိုက်ခြံ ဧရိယာမှာ ၂၀၂၂ ခုနှစ်အရောက်တွင် အစိုးရမျှော်မှန်း ထားသော ၁၅ ရာခိုင်နှုန်း ဧရိယာထက်ဝက်မျှသာ ရှိသေးသည်။

အော်ဂဲနစ်လယ်ယာကုန်စည် ထုတ်လုပ်မှုသည် အားကောင်းလာသော အော်ဂဲနစ်သီးနှံစားသုံးမှု၊ သွင်းကုန်လျော့ချမှု တို့နှင့် လိုက်လျောညီထွေ တိုးတက်နေသည်ဟု Agence Bio အဖွဲ့က ထုတ်ပြန်သည်။

